ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်

ညွှန်ကြားချက်အမှတ် ( ၁၀ /၂၀၁၅ )

အကြောင်းအရာ။ **ဘဏ်များက ထားရှိရမည့်အနည်းဆုံး သီးသန့်ငွေလိုအပ်ချက် (Minimum Reserve Requirement ) ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဥ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ ပုဒ်မ ၄၉ အရ ဘဏ်များက ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ကို အပ်ငွေစုစုပေါင်း၏ (၅) ရာခိုင်နှုန်း ထားရှိရန် ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ ဘဏ်များသည် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် (၅)ရာခိုင်နှုန်းအား ပြည့်မီစွာထားရှိရန်အတွက် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ကို တွက်ချက်ရာ၌ အစိုးရငွေတိုက်စာချုပ်များနှင့် လက်ဝယ်ရှိငွေသားလက်ကျန်တို့အား ထည့်သွင်းတွက်ချက်ခြင်းမပြုဘဲ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တွင် ဖွင့်လှစ်ထားရှိသော စာရင်းရှင်အပ်ငွေစာရင်းသို့ ငွေသားဖြင့်ထည့်သွင်း ရမည်။

(ခ) အပ်ငွေများသည်မြန်မာကျပ်ငွေဖြင့်ဖြစ်ပါက မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေ တစ်ရပ်ရပ်ဖြင့်ဖြစ်ပါကယင်းနှင့်ညီမျှသောအမေရိကန်ဒေါ်လာဖြင့်လည်းကောင်းအနည်းဆုံး သီးသန့်ငွေလိုအပ်ချက်အား သီးခြားထားရမည်။

(ဂ) အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် ထိန်းသိမ်းထားရှိရမည့် အချိန်ကာလသည် အစိုးရ ရုံးပိတ်ရက်များအပါအဝင် သီတင်းပတ် (၄) ပတ် ဖြစ်သည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website www.cbm.gov.mm တွင် ဖော်ပြထားမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် ထိန်းသိမ်းမှုကာလသတ်မှတ်ချက် အစီအစဉ် (Reserve Requirement Schedule) အတိုင်းဆောင်ရွက်ရမည်။

၃။ ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အောက် လျော့နည်းပါက ပျက်ကွက်သော ဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကသတ်မှတ်သော ဒဏ်ကြေးပေးဆောင်ရမည်။

၄။ ဤညွှန်ကြားချက်သည် ၂၀၁၅ ခုနှစ်၊ဧပြီလ (၂) ရက်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

၅။ ဘဏ်များသည် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် (၅)ရာခိုင်နှုန်းအား ပြည့်မီစွာထားရှိရန်အတွက် ၂၀၁၅ခုနှစ်၊ ဧပြီလဆန်းမှ ဇွန်လကုန်အထိ ပြင်ဆင်ရန်ကာလ(၃)လခွင့်ပြုပေးထားမည်ဖြစ်ပြီး၊ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် အပြည့်အဝလိုက်နာပြီးဖြစ်ရမည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၅ခုနှစ်၊ မတ်လ အား ကြိုတင်ပြင်ဆင်မှုကာလအဖြစ်သတ်မှတ်ဆောင်ရွက်သွားရန်ဖြစ်သည်။

၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၁-၅-၂၀၁၂) ရက်စွဲဖြင့် ထုတ်ပြန်ထားသော ညွှန်ကြားချက် အမှတ် (၁/၂၀၁၂) ကို ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးလိုက်သည်။

၁၈/၂/၂၀၁၅

ဥက္ကဋ္ဌ(ကိုယ်စား)
(ခင်စောဦး၊ဒုတိယဥက္ကဋ္ဌ)

ဖြန့်ဝေခြင်း
နိုင်ငံပိုင်ဘဏ်များ
ပုဂ္ဂလိကဘဏ်များ

မိတ္တူကို
ဥက္ကဋ္ဌရုံး ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယဥက္ကဋ္ဌများ ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒါရိုက်တာအဖွဲ့ဝင်များ ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်များ ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားချက်စာတွဲ
ရုံးလက်ခံ